## မြန်မာစကားပုံ (၃၃)

"Just when he wants to cry you touch him."

"ငိုချင်လျက် လက်တို့"



**အင်္ဂလိပ်စာဝေါဟာရအဓိပ္ပာယ်**

| | | |
|---|---|---|
| Just | = | အမှန်အားဖြင့်။ |
| want | = | ဆန္ဒရှိသည်။ ပိုင်ဆိုင်လိုသည်။ လိုအပ်သည်။ |
| cry | = | အော်ဟစ်သည်။ ငိုယိုသည်။ |
| touch | = | ထိတွေ့သည်။ နာကျင်မှုခံစားချက်ကို နှိုးဆွပေးသည်။ |

"ငိုချင်လျက် လက်တို့"။ မြန်မာစကားပုံသည် ငိုတော့မည့် ကလေးငယ်တစ်ဦးကို လက်ဖြင့် တို့လိုက်သည်နှင့် ချက်ချင်းဆိုသလို ငိုသွားသကဲ့သို့ အချို့သောသူတို့သည် တစ်စုံတစ်ရာ ပြုလုပ်မည်ဟု စိတ်အားထက်သန်နေချိန်ဝယ် အန္တရာယ်ဆုံးရှုံးမှုများကို မစဉ်းစားကြဘဲ အနည်းငယ် တိုက်တွန်းလိုက်ရုံဖြင့် လုပ်ကိုင်တတ်ကြလေ၏။

**ဥပမာအားဖြင့် -**

"ထွန်းထွန်းတစ်ယောက်ဟာ ငိုချင်လျက်လက်တို့ ဆိုသလို နဂိုကတည်းက အဲဒီဖုန်းကို ဝယ်ချင်နေတာ။ မင်း တိုက်တွန်းလေတော့ ပိုဆိုးပြီပေါ့ ..."